GGI
INSURANCE • အာမခံ

**Grand Guardian Insurance Holding Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

## မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ အထွေထွေအာမခံနှင့် အသက်အာမခံဝန်ဆောင်မှု ပေးနိုင်ရန် Grand Guardian Insurance နှင့် ဂျပန်နိုင်ငံမှ ထိပ်တန်း အာမခံ ကုမ္ပဏီများ ပူးပေါင်းခြင်း

- GGI သည် Tokio Marine (ဂျပန်နိုင်ငံ၏ နံပါတ်တစ် အထွေထွေအာမခံလုပ်ငန်း)၊ Nippon Life (ဂျပန်နိုင်ငံ၏ နံပါတ်တစ် အသက်အာမခံလုပ်ငန်း) တို့နှင့် ဖက်စပ်ကုမ္ပဏီ ပြုလုပ်၍ ဒေသတွင်းဈေးကွက်၌ ဦးဆောင်နေခြင်းကို ထပ်မံခဲ့ထွင်လိုက်သည်။

ရန်ကုန်၊ မြန်မာနိုင်ငံ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်။ ။ Grand Guardian Insurance Holding Public Company Limited ("GGIH") သည် (က) အထွေထွေအာမခံလုပ်ငန်းအတွက် Tokio Marine & Nichido Fire Insurance Co.,Ltd ("Tokio Marine") နှင့် ဖက်စပ်ဆောင်ရွက်သည့် Grand Guardian Tokio Marine General Insurance Co., Ltd ကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိခဲ့ပြီဖြစ်ပြီး (ခ) အသက်အာမခံလုပ်ငန်းအတွက် Nippon Life Insurance Company ("Nippon Life") နှင့် ဖက်စပ်ဆောင်ရွက်သည့် Grand Guardian Nippon Life Insurance Co., Ltd ကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိခဲ့ပြီဖြစ်ပါသည်။

Tokio Marine နှင့် Nippon Life တို့သည် ဂျပန်နိုင်ငံ၏ နံပါတ်တစ် အထွေထွေအာမခံလုပ်ငန်းနှင့် အသက်အာမခံကုမ္ပဏီများဖြစ်ပါသည်။ GGIH **သည်** ပြီးပြည့်စုံသော နိုင်ငံတကာစံချိန်မီ အာမခံအမျိုးအစားများကို မြန်မာနိုင်ငံသားများထံ ယူဆောင်လာနိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ အကောင်းဆုံးသော အာမခံကုမ္ပဏီများနှင့် ဖက်စပ်ပူးပေါင်းတော့မည်ဖြစ်ပါသည်။ ဤဖက်စပ်ပူးပေါင်းခြင်းတို့ဖြင့် GGIH သည် နိုင်ငံတကာစံချိန်မီ အသက်အာမခံနှင့် အထွေထွေအာမခံတို့ကို one stop service ပေးနိုင်တော့မည်ဖြစ်ပါသည်။

Grand Guardian Tokio Marine General Insurance Co.,Ltd (GGI Tokio Marine) နှင့် Grand Guardian Nippon Life Insurance Co., Ltd (GGI Nippon Life) တို့သည် ဂျပန်နိုင်ငံ၏ အကောင်းဆုံးသောအာမခံကုမ္ပဏီများ နှင့် မြန်မာနိုင်ငံ၏အကောင်းဆုံးသောအာမခံကုမ္ပဏီ ပေါင်းစပ်ကြခြင်းဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ၁၈၇၉ခုနှစ် နှင့် ၁၈၈၉ခုနှစ်တို့၌ စတင်တည်ထောင်ခဲ့ကြသည့် Tokio Marine နှင့် Nippon Life တို့သည်

**Grand Guardian Insurance Holding Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

နိုင်ငံတကာမှ အကောင်းဆုံးသောနည်းလမ်းများ၊ နည်းပညာပိုင်းဆိုင်ရာကြွယ်ဝမှု၊ စနစ်ကျနသည့်အုပ်ချုပ်မှု နှင့် စုံလင်သော ဖြန့်ချိမှုနည်းလမ်းတို့ကို မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်သို့ ဆောင်ကျဉ်းလာမည်ဖြစ်ပါသည်။ ပြည်တွင်းဈေးကွက် အနေအထား နှင့် မြန်မာနိုင်ငံသားတို့၏ လိုအပ်ချက်များကို မြန်မာ့အာမခံနယ်ပယ်တွင် ဦးဆောင်လျက်ရှိသော GGIH က ပြည့်ပြည့်ဝဝ သိရှိထားပါသည်။

ဤအကျိုးတူဖက်စပ်ခြင်းဖြင့် GGI Tokio Marine နှင့် GGI Nippon Life တို့သည် နိုင်ငံတကာအဆင့် ကျွမ်းကျင်မှုများဖြင့် ပြည်တွင်းဈေးကွက်အနေအထားနှင့်ကိုက်ညီသော အာမခံများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ငွေကြေးအရင်းအနှီး ပိုမိုတောင့်တင်းလာပြီဖြစ်ပြီး၊ အန္တရာယ်စီမံခန့်ခွဲမှုစနစ်ကိုလည်း အဆင့်မြှင့်တင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤအကျိုးတူဖက်စပ်ကုမ္ပဏီနှစ်ခုသည် ကမ္ဘာ့အဆင့် နည်းပညာရပ်များကို လက်ခံရယူပြီး အာမခံထားရှိသူ မိတ်ဟောင်း မိတ်သစ်များအား ကောင်းမွန် ပြည့်စုံသည့် အတွေ့အကြုံများ သာမက နိုင်ငံတကာစံချိန်မီ အာမခံအမျိုးအစား နှင့် ဝန်ဆောင်မှုများကိုပါ ပေးအပ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အာမခံထားသူများအနေဖြင့် ၄င်းတို့ လိုအပ်နေသည့် အာမခံအကာအကွယ်များကို ကိုယ်တိုင်ပုံဖော်ဖန်တီးကာ အာမခံထားရှိခြင်းကို မျှော်မှန်းနိုင်တော့မည်ဖြစ်ပါသည်။

ဤဖက်စပ်ကုမ္ပဏီနှစ်ခုသည် မြန်မာပြည်သူပြည်သားအားလုံးအတွက် ဘဝတွင် တန်ဖိုးအထားရဆုံး နံပါတ်(၁)များကို ကာကွယ်ရန် တိုက်တွန်းလှုံ့ဆော်သည့် လုပ်ဆောင်မှုတစ်ခုကို အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူပြည်သား အများစုသည် အာမခံထားရှိခြင်းနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့်အတွက်ကြောင့် မိသားစု၊ အသက် အိုးအိမ် စည်းစိမ် နှင့် စီးပွားရေး ရေရှည်တည်တံ့ရန်အတွက် အာမခံအကာအကွယ်ရယူကြရန် GGI Tokio Marine နှင့် GGI Nippon Life တို့မှ အသိပညာပေးသွားရန် ရည်ရွယ်ထားပါသည်။

---॥ ॥---